# Shizuoka University



ရှိဇုအိုကာတက္ကသိုလ်သည် စနစ်ဟောင်းဖြစ်သည့် ရှိဇုအိုကာ အထက်တန်းကျောင်း၊ အမှတ်(၁) ရှိဇုအိုကာ ဆရာဖြစ်သင်တန်းကျောင်း၊ အမှတ်(၂) ရှိဇုအိုကာ ဆရာဖြစ်သင်တန်းကျောင်း၊ ရှိဇုအိုကာ လူငယ်ဆရာဖြစ်သင်တန်းကျောင်း၊ ဟာမားမာဆု စက်မှုသင်တန်းကျောင်းတို့ကိုပေါင်းစည်းပြီး ၁၉၄၉ ခုနှစ်တွင် တည်ထောင်ခဲ့ကာ ၁၉၅၁ ခုနှစ်တွင် ရှိဇုအိုကာစိုက်ပျိုးရေးသိပ္ပံတက္ကသိုလ်၏ စီမံအုပ်ချုပ်မှုဖြင့် ယနေ့ပုံစံဖြစ်ပေါ်လာခဲ့ပါသည်။ တက္ကသိုလ်တွင် ပရဝုဏ် ၂ ခုရှိပြီး တစ်ခုမှာ ရှိဇုအိုကာမြို့ (လူမှုရေးသိပ္ပံပညာဌာန၊ ပညာရေးဌာန၊ သိပ္ပံပညာဌာန၊ စိုက်ပျိုးရေးပညာဌာန)နှင့် နောက်တစ်ခုမှာ ဟာမားမားဆုမြို့ (သတင်းအချက်အလက်ပညာဌာန၊ အင်ဂျင်နီယာပညာဌာန)တို့တွင်ရှိပါသည်။ ဌာနအသီးသီးတိုင်းတွင် ဘွဲ့လွန်သင်တန်းများရှိသည့်အပြင် ပညာရေးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဘာသာရပ်ဆိုင်ရာဌာန ၄ ခုတို့တွင် ပါရဂူတန်းများလည်းရှိပါသည်။ ကျောင်းသားဦးရေမှာ ဘွဲ့ကြိုကျောင်းသား၊ ဘွဲ့လွန်ကျောင်းသားအပါအဝင် ၁၀,၀၀၀ ဦးခန့်ရှိပါသည်။ ထိုအထဲတွင် နိုင်ငံခြားပညာတော်သင်ကျောင်းသားများမှာ ၄၀၀ ဦးခန့်ပါရှိပါသည်။

ရှိဇုအိုကာတက္ကသိုလ်သည် စနစ်ဟောင်းဖြစ်သည့် ရှိဇုအိုကာအထက်တန်းကျောင်း၊ ဆရာဖြစ်သင်တန်းကျောင်းတို့ကိုပေါင်းစည်းခြင်းဖြင့် ၁၉၄၉ ခုနှစ်နှစ်တွင် စနစ်သစ်တက္ကသိုလ်အဖြစ် မွေးဖွားလာခဲ့ပါသည်။ ယခင်ကျောင်းတို့မှ လွတ်လပ်သည့်ခံယူချက်တို့ကိုဆက်ခံ၍ 'လွတ်လွတ်လပ်လပ်ဖြင့် အသိပညာပွင့်လန်းစေခြင်း၊ အနာဂတ်ဖန်တီးမွေးဖွားခြင်း'တို့ကို ခံယူချက်ထားရှိပြီး အရည်အသွေးမြင့်မားသည့် ပညာရေးနှင့် ဖန်တီးမှုဆန်သောသုတေသနတို့ကို တိုးတက်စေကာ လူ့ဘောင်အဖွဲ့အစည်းနှင့်ချိတ်ဆက်ပြီး ဒေသနှင့်လျှောက်လှမ်းမှုပြုနိုင်သည့်တက္ကသိုလ်အဖြစ် ရည်မှန်းထားပါသည်။

ရှိဇုအိုကာတက္ကသိုလ်တွင် ပိုမိုမြင့်မားစွာ ပိုမိုအလှမ်းဝေးကွာစွာ ပျံသန်းနိုင်ရန်အတွက် လွတ်လပ်မှုရှိပြီး ကျယ်ပြောသောပတ်ဝန်းကျင်နှင့် ကမ္ဘာလောကကြီးတို့ကိုရင်ဆိုင်ရှုမြင်ကာ အနာဂတ်နှင့်ဆက်နွယ်သော ပညာသင်ကြားမှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

# နိုင်ငံပိုင် Kyushu တက္ကသိုလ်



Kyushu တက္ကသိုလ်သည် ဂျပန်နိုင်ငံ ဖုခုအိုကခရိုင်တွင်တည်ရှိသော နိုင်ငံပိုင်တက္ကသိုလ်ဖြစ်ပါသည်။ ပျမ်းမျှကျောင်းသားဦးရေ ၁၉၀၀၀ ကျော်အနက် နိုင်ငံခြားကျောင်းသားဦးရေမှာ ၂၃၀၀ ဦးရေအထက်ဖြစ်၍ မြန်မာနိုင်ငံမှ ၃၆ ဦးပညာသင်ကြားလျက်ရှိပါသည်။ အခြေခံအားဖြင့်အာရှကိုယ်စားပြုသည့် ပညာရေးသုတေသနလုပ်ငန်းများ အခြေတည်ရာနေရာအဖြစ်နယ်ပယ်ပေါင်းစုံတွင် အနာဂတ်ကိုသယ်ပိုးထားသည့်လူ့စွမ်းအားအရင်းမြစ်များကို ပျိုးထောင်မွေးထုတ်ပေးလျက်ရှိပါသည်။

### ပညာရေးဌာနများသို့ ကျောင်းအပ်နှံခြင်း

International Course (အင်္ဂလိပ်ဘာသာဖြင့် ဘွဲ့များရယူနိုင်မည့်သင်တန်း)

http://www.kyushu-u.ac.jp/en/admission/faculty/foreign/foreign10/

| | |
|---|---|
| အရည်အချင်းစစ်ဆေးခ | ၁၇၀၀၀ ယန်း |
| ကျောင်းဝင်ကြေး | ၂၈၂၀၀၀ ယန်း |
| သင်တန်းကြေး | ၅၃၅၈၀၀ ယန်း |

### ဘွဲ့လွန်အတန်းများတွင် ကျောင်းအပ်နှံခြင်း

(၁) စည်းမျဉ်းစည်းကမ်းများအရ ကျောင်းအပ်နှံခြင်းအသေးစိတ်ကို အောက်ပါဝက်ဘ်ဆိုဘ်ရှိ ဘွဲ့လွန်တန်း တာဝန်ခံအသီးသီးထံတွင် မေးမြန်းစုံစမ်းပါ။

(၂) နိုင်ငံခြားသားသုသေတနပညာရှင်များစနစ်အသေးစိတ်ကို အောက်ပါဝက်ဘ်ဆိုဘ်ရှိ ဘွဲ့လွန်-တန်း တာဝန်ခံအသီးသီးထံတွင် မေးမြန်းစုံစမ်းပါ။

http://www.isc.kyushu-u.ac.jp/intlweb/admission/graduate-school

| | |
|---|---|
| အရည်အချင်းစစ်ဆေးခ | ၁၇၀၀၀ ယန်း |
| ကျောင်းဝင်ခ | ၂၈၂၀၀၀ ယန်း |
| သင်တန်းကြေး | ၅၃၅၈၀၀ ယန်း |



### Kyushu တက္ကသိုလ် ဝက်ဆိုဘ်

http://www.kyushu-u.ac.jp/en/

# ဂျပန်နိုင်ငံတွင် ပညာသင်ယူရန်အတွက် ဘယ်လိုပြင်ဆင်မှုများလိုအပ်ပါသလဲ

အနာဂတ်တွင် ဂျပန်နိုင်ငံ၌ပညာသင်ချင်သော်လည်းဘယ်လိုပြင်ဆင်မှုများလုပ်လျှင် အဆင်ပြေမလဲဆိုတာကို သိလိုသူများရှိပါလိမ့်မည်။ ဒီတစ်ခေါက်တွင် ဂျပန်နိုင်ငံ၌ ပညာသင်ယူလိုသူ၊ သုတေသနပြုလုပ်လိုသူများအတွက် ပညာသင်နှင့်ပတ်သက်သော ကြိုတင်ပြင်ဆင်မှုများနှင့် မိတ်ဆက်ပေးချင်ပါသည်။ အများစုမှာ ၁ နှစ်၊ ၂ နှစ် မတိုင်ခင်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ကြပါသည်။

### ဂျပန်နိုင်ငံတွင် ပညာသင်ခြင်း

(၁) မြန်မာနိုင်ငံတွင် အထက်တန်းအောင်မြင်ပြီး ဂျပန်နိုင်ငံရှိတက္ကသိုလ်များ၊ သက်မွေးပညာသင်ဥပစာကောလိပ်များတွင် တက်ရောက်ခြင်း။

(၂) မြန်မာနိုင်ငံရှိတက္ကသိုလ်မှ ဂျပန်နိုင်ငံရှိတက္ကသိုလ်သို့ University Exchange Program ဖြင့်သွားရောက်ခြင်း။

(၃) မြန်မာတက္ကသိုလ်များ (ဘွဲ့ကြို (သို့) ဘွဲ့-လွန်) အောင်မြင်ပြီး ဂျပန်နိုင်ငံတွင် မဟာဘွဲ့၊ ပါရဂူဘွဲ့များတက်ရောက်ခြင်း။

(၄) အခြား စသည့်နည်းလမ်းများရှိပါသည်။

(၁)အခြေအနေတွင် ဂျပန်ဘာသာအရည်အချင်းသို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ပို့ချပေးသောအတန်းသို့တက်ရောက်ပါက အင်္ဂလိပ်စာအရည်အချင်းလိုအပ်ပါသည်။ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ JLPT အမြင့်ဆုံးအဆင့် N1, N2 နှင့် ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU အမှတ်ပေါ်မူတည်၍ တက္ကသိုလ်ဝင်ခွင့်ရနိုင်ခြေ မြင့်မားပါသည်။ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲကိုအခြေခံမှအလယ်အလတ်အဆင့် N4, N3 သာရှိသောအခြေအနေမျိုးတွင် ဂျပန်စာသင်တန်းကျောင်းတက်ရောက်ပြီး N2, N1 ရယူအောင်မြင်ပြီးနောက် တက္ကသိုလ်နှင့်သက်မွေးပညာသင်ဥပစာကောလိပ်များတွင်ဝင်ခွင့်ဖြေဆိုနိုင်ပါသည်။ ဂျပန်ဘာသာအထူးသင်တန်းများရှိသောတက္ကသိုလ်တွင်တက်ရောက်သောနည်းလမ်းများလည်း ရှိပါသည်။ TOEFL 71~80, IELTS 5.5~6 ရှိပါက ဘွဲ့ကြိုအတန်းတွင် အင်္ဂလိပ်ဘာသာဖြင့် တက်ရောက်နိုင်ချေများပါသည်။

(၂)အခြေအနေတွင် ဂျပန်တက္ကသိုလ်များနှင့် အတူပူးပေါင်းထားသောတက္ကသိုလ်များရှိ ကျောင်းသား/သူများဖြစ်ပါက University Exchange Program ရှိပါသည်။ မျက်မှောက်ကာလတွင် အမျိုးမျိုးသော Program များလည်းများပြားလာသည်။ သင်လက်ရှိတက်ရောက်နေသောတက္ကသိုလ်တွင် စုံစမ်းကြည့်ပါ။

(၃)အခြေအနေတွင်မိမိတက်နေသောတက္ကသိုလ်မှဆရာများနှင့်စီနီယာများမှ ဂျပန်တက္ကသိုလ်များရှိဆရာများထံမိတ်ဆက်ပေးခြင်း၊ ဂျပန်တက္ကသိုလ်မှဆရာများမှမြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်သော Seminar ပွဲများတွင်ပါဝင်တွေ့ဆုံခြင်း၊ အင်တာနက်ဖြင့် သုတေသနပြုလုပ်သူဆရာများနှင့်ဆက်သွယ်ပြီး ဘွဲ့လွန်အတန်းများ တက်ရောက်ခြင်းစသည့်နည်းဖြင့် သွားရောက်သူများပြားပါသည်။ ဘွဲ့လွန်အတန်းများတွင် အင်္ဂလိပ်ဘာသာဖြင့်တက်ရောက်နိုင်သောတက္ကသိုလ်များလည်း အများအပြားရှိသောကြောင့်ဖြစ်သည်။ ဂျပန်နိုင်ငံရှိတက္ကသိုလ်များတွင် ကိုယ်နှင့်ကိုက်ညီသောအထူးပြုဘာသာရပ်များနှင့် ပါမောက္ခများ (သုတေသီများ)ကိုရှာဖွေရခြင်းမှာခက်ခဲနိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် OJEIC မှကူညီပေးပါသည်။ ထို့အပြင် OJEIC တွင်လည်း တက္ကသိုလ်အသီးသီး၏ အချက်အလက်များနှင့် Home Page ကိုကြည့်ရှုလေ့လာနိုင်ရန်အတွက် ကွန်ပျူတာများလည်း စီစဉ်ပေးထားပါသည်။

ဂျပန်နိုင်ငံတွင်ပညာသင်ယူရန် အနည်းငယ်စိတ်ဝင်စားသူများသာမက အနာဂတ်တွင် မဖြစ်မနေပညာသင်သွားရောက်ရန်ဆုံးဖြတ်ထားသူများလည်း OJEIC တွင် လာရောက်ဆွေးနွေးမေးမြန်းနိုင်ပါသည်။ ပညာတော်သင်ဆုလျှောက်ထားလိုသူများထဲမှ ဂျပန်အစိုးရပညာသင်ဆု လျှောက်ထားလိုသူများသည် ပညာသင်သွားရန်ရည်ရွယ်ထားသောအချိန်ထက် ၁ နှစ်ကြိုတင်၍ လျှောက်လွှာတင်ခြင်း၊ စာမေးပွဲဖြေဆိုခြင်းများပြုလုပ်ထားရန် လိုအပ်ပါသည်။

အောက်တွင် ဂျပန်ပညာတော်သင်နှင့်ပတ်သက်ပြီး အရေးကြီးသောစာမေးပွဲများ၏ အချိန်ဇယားကို ထည့် သွင်းရေးသားပေးထားပါသည်။

| စာမေးပွဲအမျိုးအစား | စာမေးပွဲနေ့ | လျှောက်လွှာတင်ခြင်း | ရလဒ်ထွက်ရှိချိန် |
|---|---|---|---|
| JLPT | ဇူလိုင်လ (မန္တလေး) | မတ်လ - ဧပြီလ | စက်တင်ဘာလအစ |
| | ဒီဇင်ဘာလ (ရန်ကုန်) | ဩဂုတ်လကုန် | ဖေဖော်ဝါရီလအစ |
| EJU | ဇွန်လ (ရန်ကုန်) | ဖေဖော်ဝါရီလ | ဇူလိုင်လ |
| | နိုဝင်ဘာလ (ရန်ကုန်) | ဇူလိုင်လ | ဒီဇင်ဘာလ |
| ဂျပန်အစိုးရပညာတော်သင်ဆု | မေလ - ဇွန်လ | ဧပြီလကုန် -မေလအစ | ဖေဖော်ဝါရီလ |

ပညာတော်သင်ဆုများနှင့် ကျောင်းဝင်ခွင့်နှင့်ပတ်သက်သောလိုအပ်ချက်များ စသည့်သတင်းအချက်အလက်များကို သိရှိလိုသူများအနေဖြင့် အောက်တွင်ဖော်ပြထားသော Facebook တွင်ကြည့်ရှုနိုင်ပြီး OJEIC ရုံးခန်းတွင်လည်း လာရောက်စုံစမ်းနိုင်ပါသည်။

* OJEIC (Okayama University Japan Educational Information Center)
R-322A, Bldg.-C, Pearl Condo, Kaba Aye Pagoda Rd, Yangon
(Japan Culture House ဘေးခန်း)
Tel: 09-2618-410-54
ရုံးချိန် တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် ၉:၀၀ မှ ညနေ ၅:၀၀
(၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ စနေနေ့ရုံးဖွင့်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

* OJEIC Facebook https://www.facebook.com/StudyinJapanOfficeYangon/